SYCB မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS & YOUTH CONGRESS OF BURMA
Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

# (၅၃) နှစ်မြောက် ၇ ရက် ဇူလိုင် အထိမ်းအမှတ် မြန်မာနိုင်ငံ ကျောင်းသားလူငယ်များကွန်ဂရက်၏ ထုတ်ပြန်ကြေညာချက်

၇ရက် ဇူလိုင်နေ့ဆိုသည်မှာ ဗိုလ်နေဝင်းစစ်အုပ်စုမှ နိုင်ငံရေးဇာတ်ခုံပေါ်တက်လာပြီးတာနဲ့ **'ဓါးဓါးခြင်းလှံလှံခြင်း'** ရင်ဆိုင်ဖြေရှင်းမည်ဟုကြုံးဝါးကာ ကျောင်းသားထုနှင့်ပြည်သူများကိုပစ်ခတ်သတ်ဖြတ်ခဲ့ပြီး သမိုင်းဝင်(တကသ)အဆောက်အဦးကို ဒိုက်နမိုက်ဖြင့်ဖြိုခွဲကာ စစ်အာဏာရှင်စနစ်ရဲ့ ရက်စက်ယုတ်မာမှုများကိုဖော်ပြသည့်လိုက်သည့် သမိုင်းဝင်နေ့ဖြစ်သလို ကျောင်းသားထုရဲ့ စစ်အာဏာရှင်တိုက်ဖျက်ရေးအတွက် တိုက်ပွဲဝင်ခွပ်ဒေါင်းအလံကို အမြင့်မားဆုံးလွှင့်ထူပြီးပြည်သူလူထုကို သွေးနဲ့မီးမောင်းထိုးပြခဲ့သည့် နေ့လည်းဖြစ်ပါသည်။

မျိုးဆက်သစ် ကျောင်းသားလူငယ်ထုများ၏လှုပ်ရှားမှုများတွင် သမိုင်းအစဉ်အလာကြီးမြတ်သည့် ကျောင်းသားသမဂ္ဂစိတ်ဓါတ်ဖော်ထုတ်ရေး၊ (တကသ)အဆောက်အဦးနှင့်တရားဝင်ကျောင်းသားသမဂ္ဂ ပြန်လည်ဖွဲ့စည်းရေး၊ စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားသွေးစည်းညီညွတ်ရေးတို့ကို တိုင်းပြည်နှင့်လူမျိုးပေါင်းစုံ ပြည်သူလူထုအတွက် ကျောင်းသားထု၏ လက်တွေ့တိုက်ပွဲ လုပ်ငန်းစဉ်များက သက်သေပြခဲ့ပါသည်။

ပွင့်လင်းမြင်သာသည့် ဦးသိန်းစိန်(စစ်တပိုင်း)အစိုးရဟာ အရက်စက်ဆုံး၊ အဖောက်ပြန်ဆုံးသော ယခင် နည်းလမ်းဟောင်းအတိုင်း နည်းမျိုးစုံကိုသုံးပြီး လက်တစ်ဆုပ်စာ စစ်ဗိုလ်ချုပ်ကြီးတွေ ဆွေစဉ်မျိုးဆက်ကောင်းစားရေး အတွက်သာ လုပ်ဆောင်နေတာကို တွေ့နေရပေသည်။

တိုင်းရင်းသား ပြည်သူလူထုတရပ်လုံးနှင့် ကျောင်းသားလူငယ်ထုတရပ်လုံး ကမ္ဘာ့နိုင်ငံအသီးသီးကပါ အစဉ်ဆက်မပြတ် တောင်းဆိုခဲ့သည့် စစ်မှန်သည့်ပြည်တွင်းငြိမ်းချမ်းရေး၊ ၂၀၀၈ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ ပြန်လည်အသက်သွင်းဖို့ တစိုက်မတ်မတ် ကြိုးစားနေပါသည်။

ထို့ကြောင့် (မဆလ) ၊(နဝတ)၊ (နအဖ)၊ အခု အစိုးရလက်ထက်အထိ လူထုရှေ့က ရဲရဲရင့်ရင့် ရပ်တည် တိုက်ပွဲဝင်ခဲ့သည့် ကျောင်းသားသမဂ္ဂစိတ်ဓါတ်၊ တိုက်ပွဲဝင်ခွပ်ဒေါင်းအလံတော်၊ တိုက်ပွဲဝင်ကျောင်းသားအပေါင်းတို့၏ တိုက်ပွဲအဆက်ဆက်မှ ရည်မှန်းချက်ပန်းတိုင်ကို အရောက်လှမ်းရန် ကျနော်တို့ မြန်မာနိုင်ငံကျောင်းသား လူငယ်များကွန်ဂရက်မှ လူမျိုးပေါင်းစုံ ကျောင်းသားလူငယ်ထုနှင့်အတူ အတက်ကြွဆုံး လက်တွဲပူးပေါင်း ဆောင်ရွက်သွားမည်ဟု (၅၃)နှစ် မြောက် ၇ ရက် ဇူလိုင် အထိမ်းအမှတ်နေ့တွင် လေးနက်တည်ကြည်စွာဖြင့် ထုတ်ပြန်ကြေညာအပ်ပါသည်။

**ရဲရင့်သူတွေအတွက်ပန်းတိုင်ရှိတယ်-တိုက်ရဲသူတွေအတွက်အောင်ပွဲရှိတယ်**

**၇ ရက် တိုက်ပွဲဝင်စိတ်ဓါတ် အဓွန့်ရှည်ပါစေ။**

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်(အက်စ်ဝိုင်စီဘီ)

၂၀၁၅ ခုနှစ် ဇူလိုင်၊ ၇ ရက်။